**၂၉-၀၃-၂၀၁၈ ရက်နေ့တွင် လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB Information System) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များရှင်းလင်းခြင်း အခမ်းအနားတွင် ကုမ္ပဏီများမှ မေးမြန်းချက်များနှင့် ဌာနမှပြန်လည်ဖြေကြားချက်များ**

| စဉ် | ကုမ္ပဏီများမှ မေးမြန်းချက်များ | ဌာနမှ ပြန်လည်ဖြေကြားချက် |
|---|---|---|
| (က) | တင်ဒါပုံစံဝယ်ယူရမည့်ရက် ကျော်သွားပါ၍ ဝယ်ယူ၍ ရမရ။ | သတင်းစာတွင် ဝယ်ယူရမည့်ရက်အား အတိအကျ ကြေငြာထားပြီး ဖြစ်ပါ၍ ရက်ကျော်လွန် သွားသည့်အတွက် ဝယ်ယူ၍ မရပါကြောင်း။ |
| (ခ) | Software များ၏ source code ပိုင်ဆိုင်မှု နှင့်ပတ်သက်၍ copy right အား ရှင်းရှင်းလင်းလင်း သိရှိလိုပါကြောင်း။ | လူမှုဖူလုံရေးအတွက် ရေးဆွဲရမည့် core software များအတွက် supplier ဘက်မှ ရေးသားထားသည့် software အား ဝယ်ယူ သွားမည် မဟုတ်ဘဲ လူမှုဖူလုံရေးအဖွဲ့၏ လိုအပ်ချက်အရ ရေးသားပေးရမည်ဖြစ်ပြီး အဆိုပါ software များ၊ အချက်အလက်များ၊ authority များအားလုံးသည် လူမှုဖူလုံရေးအဖွဲ့၏အပိုင်သာ ဖြစ်ကြောင်း။အဆိုပါ software များနှင့် ချိတ်ဆက်သုံးစွဲရမည့် ပြင်ပ software များ (Microsoft software များ၊ software package များ) ၏ ပိုင်ဆိုင် ခွင့်များအား ဆိုလိုခြင်း မဟုတ်ကြောင်း၊ အဆိုပါ software များအတွက် လိုအပ်သော License ကြေးများကို လူမှုဖူလုံရေးအဖွဲ့မှ ပေးချေ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။ |
| (ဂ) | Smart card ၏ size အား 1 megabyte ဟု TOR တွင် ဖော်ပြထားပါ၍ ပမာဏများသည်ဟု ထင်ပါ ၍ ကုမ္ပဏီဘက်မှ အဆိုပါ size အား ပြန်လည်ပြင်ဆင် ထည့်သွင်း၍ ရမရ။ | ပြန်လည် ပြင်ဆင်ထားသည့် TOR တွင် smart card ၏ size အား 1 megabit ( ~ 72 kilo byte) ပြင်ဆင်ထားပါကြောင်း။ |
| (ဃ) | Data center နှင့်ပတ်သက်၍ | Tier 2 standard ရှိရမည်ဟု ဆိုလိုခြင်းဖြစ် |

Social Security Board

| | | |
|---|---|---|
| | အသုံးပြုမည့် standard အား TOR တွင် ဖော်ပြချက်အရ Tier 2(သို့မဟုတ်) Up time institute မှ သတ်မှတ်ထားသည့် Tier 2 certified အရ အတိအကျ လိုက်နာရမည်ဆိုသည်ကို သိရှိလိုပါကြောင်း။ | ကြောင်း၊ certified ဖြစ်ရမည်ဟု အသေးစိတ်မပြောထားပါကြောင်း။ Tire 2 ထက် ပိုမိုကောင်းမွန်သည့် standard ဖြစ်ပါကလည်း ထည့်သွင်းဖော်ပြနိုင်ပါကြောင်း။ |
| (င) | Back up Data Center အား လူမှုဖူလုံရေးအဖွဲ့တွင်တည်ဆောက်မည်ဆိုသည်ကို သိရှိလိုကြောင်း။ | Main Data Center အား MPT တွင် Colocation ထားရှိဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ Back up Data Center အတွက် ယခုမဆုံးဖြတ်သေးပါကြောင်း၊ e-Government စနစ်အရ National database ပြီးသွားပါက အဆိုပါ နေရာတွင် ထားရန် ရည်ရွယ်ထားပါကြောင်း။ |
| (စ) | Data Center colocation အား ဘာကြောင့် MPT တွင် ထားရှိရန် ရွေးချယ် ရသည်ကို သိရှိလိုပါကြောင်း။ | စီမံကိန်းပထမနှစ်အတွင်း စနစ်အား တည်ဆောက်နေသည့်အချိန်ကာလ ဖြစ်ခြင်း၊ real time လုပ်ငန်းများအား ဆောင်ရွက်ရန် မလိုအပ်သေးခြင်း၊ အစိုးရဌာန၊ အလုပ်သမားများ၏အချက်အလက် လုံခြုံရေးလိုအပ်ချက် ရှိနေခြင်း နှင့် ငွေကြေးကုန်ကျစရိတ်စသည့်အချက်များအရ ကနဦးတွင် Data Center colocation အား MPT တွင် ထားရှိရန် စဉ်းစားထားပါကြောင်း၊ အခြား ပြင်ပ data center colocation များသို့လည်း သွားရောက် လေ့လာခဲ့ပါကြောင်း၊ ဈေးနှုန်းကွာခြားချက်များပါကြောင်း၊ |
| (ဆ) | TOR အခန်း (၈) တွင် ဖော်ပြထားသည့် အရည်အသွေးသတ်မှတ်ချက်များအရ မဖြစ်မနေ ဆောင်ရွက်ရမည်ဆိုသည်ကို သိရှိလိုပါကြောင်း၊ project manager ၏ လုပ်သက်သတ်မှတ်ချက်မှာ များနေပါကြောင်း။ | TOR အခန်း (၈) တွင် ဖော်ပြထားသည့် အရည်အသွေးသတ်မှတ်ချက်များအရ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။ resource များ၏ လိုအပ်ချက်များအား ပြန်လည်၍ ညှိနှိုင်းပြီး ပြင်ဆင်ချက်အားကုမ္ပဏီအားလုံးသို့ ပေးပို့သွားမည်ဖြစ်ကြောင်း။ |

Social Security Board

| | | |
|---|---|---|
| (ဓ) | Biomatric matching အား fingerprint ကို အသုံးပြု၍ one-to-one (သို့မဟုတ်) one-to-many ပုံစံဖြင့် ပြုလုပ်မည်၊ face recognition နှင့် iris တို့အား အသုံးပြု၍ ပြုလုပ်မည်ကို သိရှိ လို ပါကြောင်း။ | Biomatric matching အတွက် fingerprint ကို အသုံးပြု၍ one-to-one matching အရ ပြုလုပ်ပါက လူမှုဖူလုံရေးအဖွဲ့အတွက် လုံလောက် ပါကြောင်း။ |
| (ဈ) | TOR တွင် e-money ဝန်ဆောင်မှု လုပ်ငန်းများနှင့် မည်သို့ ချိတ်ဆက်ရမည်နှင့် ပတ်သက်၍ အသေးစိတ် ဖော်ပြမထားပါ၍ မည်သို့ ဆောင်ရွက်ရမည်ကို သိရှိ လိုပါကြောင်း။ | e-money ဝန်ဆောင်မှုအတွက် supplier ဘက်မှ တိုက်ရိုက်ချိတ်ဆက်ရန် မလိုအပ်ဘဲ လူမှုဖူလုံရေး အဖွဲ့မှ e-money (OK $, Wave money, KBZ Bank, etc) ဝန်ဆောင်မှုများနှင့် တိုက်ရိုက် ချိတ်ဆက်သွားမည် ဖြစ်ပြီး supplier ဘက်မှ integration ပြုလုပ်ခြင်းကိုသာ ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသည်များရှိပါက e-mail (ssbitsection@gmail.com) သို့ မေးမြန်းပါရန်နှင့် e-mail ဖြင့် ကုမ္ပဏီများအားလုံးကို ပြန်လည်ဖြေကြားသွားမည်ဖြစ်ပါသည်။ |
| (ည) | တင်ဒါ အောင်မြင်သည့် ကုမ္ပဏီဘက်မှ performance guarantee အား မည်သို့ ပေးရ မည်ဆိုသည်ကို သိရှိလို ပါကြောင်း။ | တင်ဒါလမ်းညွှန်တွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီဘက်မှ performance guarantee အား ဆောင်ရွက်မည့် လုပ်ငန်းတန်ဖိုး၏ ၁၀% ကို ပေးသွင်းရန် ဖော်ပြထားပြီး ဖြစ်ကြောင်း၊ |
| (ဋ) | Main Data Center နှင့် Backup data center ကို နေပြည်တော်တွင် ထားခြင်းသည် အခက်အခဲ ဖြစ်နိုင်ပါကြောင်း၊ kilometer 300 အကွာရှိ ရန်ကုန်တွင် ထားသင့်ပါ ကြောင်း။ | လတ်တလောတွင် Administration အရ နေပြည်တော်တွင် ထားရှိဆောင်ရွက်သွား မည်ဖြစ်ကြောင်း။ |

Social Security Board

| | | |
|---|---|---|
| (ဌ) | Project ကာလသည် (၃) နှစ် စီမံကိန်းဖြစ်ပြီး ကုမ္ပဏီဘက်မှ ဝန်ထမ်းများအား (၃) နှစ်အတွင်း ဌားရမ်း ဆောင်ရွက်ရာတွင် အနည်းဆုံး အခကြေးငွေ သတ်မှတ်ချက်မှာ (၂) နှစ်လျှင် (၁) ကြိမ် ပြောင်းလဲရန် အစီအစဉ်ရှိကြောင်း သိရပါ၍ ဝန်ထမ်းလစာများအတွက်အခက်အခဲရှိနိုင်ပါကြောင်း။ | ကုမ္ပဏီဘက်မှ ဝန်ထမ်းများအား (၃) နှစ် အတွင်း ဌားရမ်း ဆောင်ရွက်သည့်ကိစ္စအား အနည်းဆုံး အခကြေးငွေ သတ်မှတ်ချက်အရ စဉ်းစားခြင်း မဟုတ်ဘဲ လုံလောက်သည့် အခကြေးငွေအား ကြိုတင် ပြင်ဆင်တွက်ချက်ထားသင့်ပါကြောင်း။ |
| (ဍ) | ယနေ့ရှင်းလင်းချက်အရ တင်ဒါပုံစံ ဝယ်ယူသည့် ကုမ္ပဏီများဘက်မှ လက်ရှိလုပ်ငန်းများအပေါ် အကြံပြု မေးမြန်းချက်များအား မည်သည့် အချိန်ထိ ပြောင်းလဲပေးမည်ဆိုသည်ကို အတိအကျသိလိုပါကြောင်းနှင့် joint venture (JV) အား အများဆုံးကုမ္ပဏီ (၃) ခုအထိ ဖွဲ့စည်းခွင့်ပြုမပြုအား သိရှိလိုပါကြောင်း။ | ကုမ္ပဏီများဘက် မှ လက်ရှိ လုပ်ငန်းများ အပေါ် အကြံပြုမေးမြန်းချက်များအား တင်ဒါအဆိုပြုလွှာ (RFP)တင်သွင်းရန် (၂)ပတ်အလိုထိသာ ပြင်ဆင် ပြောင်းလဲ ပေးသွားမည် ဖြစ်ပါကြောင်းနှင့် joint venture (JV) အား ကုမ္ပဏီအချင်းချင်း ပူးပေါင်း၍ ဖွဲ့စည်းနိုင်ပါကြောင်းနှင့် ဦးဆောင်မည့် ကုမ္ပဏီတစ်ခုတည်းမှသာ စာချုပ်စာတမ်းကိစ္စများအားလုံးကို တာဝန်ယူ ဖြေရှင်းရမည်ဖြစ်ပါကြောင်း။ |
| (ဎ) | Smart card တွင် အသုံးပြုမည့် chip တွင် မည်သည့် operating system ကို အသုံးပြုသည်ကို သိရှိလိုပါကြောင်း။ | သတ်မှတ်ချက်မရှိပါကြောင်း။ |
| (ဏ) | အဆိုပြုသည့် ကုမ္ပဏီများဘက်မှ ပိုကောင်းသည့် အချက်အား တင်ပြရမည်ဆိုသည်နှင့်ပတ်သက်၍ မေးမြန်းလိုပါကြောင်း။ TOR တွင် ဖော်ပြထားသည့် Microsoft စာရင်းများ၊ cisco မှ BOM ကို ပြောင်း | Microsoft နှင့် cisco ၏စာရင်းများမှာ စနစ်လိုအပ်ချက် အရ မဖြစ်မနေ သုံးစွဲရမည့် အနည်းဆုံး software များကို references အနေဖြင့် ထည့်သွင်း ထားခြင်း ဖြစ်ပါကြောင်း။ အခြားလိုအပ်ချက်များရှိပါက ပြင်ဆင်တင်ပြနိုင်ပါကြောင်း။ |

social security Board

| | | |
|---|---|---|
| | လဲ၍ ရမရအား သိလိုပါ သည်။ | |

လူမှုဖူလုံရေးအဖွဲ့

Social Security Board